# ဝိုင်တင်သွင်းခွင့်မှတ်ပုံတင်ကတ်လျှောက်ထားရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ

ကုမ္ပဏီ/အသင်းအဖွဲ့များသည် ဝိုင်တင်သွင်းရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ဝိုင်တင်သွင်းခွင့်မှတ်ပုံတင်ကတ် လျှောက်ထားခြင်းကို အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

**လိုအပ်သည့်စာရွက်စာတမ်းများ**

၁။ ဝိုင်တင်သွင်းခွင့်မှတ်ပုံတင်ကတ်လျှောက်ထားရာတွင် အောက်ပါစာရွက်စာတမ်းအထောက်အထားများ ပူးတွဲတင်ပြလျှောက်ထားရမည်-

(က) ကုမ္ပဏီ/အသင်းအဖွဲ့ Letter Head ပါလျှောက်လွှာ (လျှောက်လွှာတွင် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အမှတ်၊ သက်တမ်းကုန်ဆုံးမည့် ရက်စွဲပါဝင်ရမည်ဖြစ်ပြီး ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်သက်တမ်း အနည်းဆုံး ၃ လ ရှိရမည်။)

(ခ) လုပ်ငန်းဆောင်ရွက်မှုအလိုက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ယစ်မျိုးခွင့်ပြုလိုင်စင် FL-11 မူရင်း(လိုင်စင်သက်တမ်း အနည်းဆုံး ၃ လ ရှိရမည်)

(ဂ) အရောင်းကိုယ်စားလှယ်များအဖြစ် ဖြန့်ချိရောင်းချခွင့်ရရှိရန် ဝိုင်ထုတ်လုပ်သည့်ကုမ္ပဏီများ သို့မဟုတ် ဝိုင်တင်ပို့သော ပြည်ပကုမ္ပဏီများနှင့်ချုပ်ဆိုထားသော စာချုပ်များ (သက်တမ်းပါဝင်ထည့်သွင်းရမည်)

(ဃ) ကုမ္ပဏီ/အသင်းအဖွဲ့များ၏ ဒါရိုက်တာအဖွဲ့ဝင်ကိုယ်တိုင် မဟုတ်ပါက ကိုယ်စားလှယ်ကတ်

**ဝိုင်တင်သွင်းခွင့်မှတ်ပုံတင်ကတ် သက်တမ်းကာလနှင့် မှတ်ပုံတင်ကြေး**

၂။ ဝိုင်တင်သွင်းခွင့်မှတ်ပုံတင်ကတ်၏ မှတ်ပုံတင်ကြေး၊ သက်တမ်းတိုးမြှင့်ကြေးများကို အောက်ပါ အတိုင်း သတ်မှတ်ဆောင်ရွက်မည်-

(က) ဝိုင်တင်သွင်းခွင့်မှတ်ပုံတင်ကတ်သက်တမ်းအား (၁)နှစ် ခွင့်ပြုမည်။ (မှတ်ချက်။ ဝိုင်တင်သွင်းခွင့်ကတ်လျှောက်ထားချိန်တွင် ကုမ္ပဏီသက်တမ်းနှင့် ယစ်မျိုးလိုင်စင်သက်တမ်းတို့သည် ဝိုင်တင်သွင်းခွင့်ကတ်လျှောက်ထားရန် အကျုံးဝင်သည့် သက်တမ်းများဖြစ်ရမည်။)

(ခ) မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခြင်းအား တစ်ကြိမ်လျှင် (၁)နှစ် တိုးမြှင့်ခွင့်ပြုမည်။

(ဂ) မှတ်ပုံတင်ကြေးကို ကျပ် **၅၀,၀၀၀** သတ်မှတ်မည်။

(ဃ) မှတ်ပုံတင်သက်တမ်းတိုးမြှင့်ကြေးကို (၁)နှစ်အတွက် ကျပ် **၅၀,၀၀၀** သတ်မှတ်မည်။